မြန်မာနိုင်ငံသို့ ပေးအပ်မည့်အထောက်အပံ့စီမံကိန်းများအတွက် စာချွန်လွှာလက်မှတ်ရေးထိုးခြင်း

၂၀၁၉ခုနှစ် ဧပြီလ ၁၀ ရက်နေ့ (အဆိုပါနေ၏ ဒေသစံတော်ချိန်) နေပြည်တော်တွင် ဂျပန်နိုင်ငံဖက်မှ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ် H.E. Mr. Ichiro MARUYAMA နှင့် မြန်မာနိုင်ငံဖက်မှ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. U Set Aung တို့သည် စုစုပေါင်း ဂျပန်ယန်း ၃၂၇၂ သန်း ပမာဏအထိရှိသည့် အထောက်အပံ့စီမံကိန်း ၂ ခု နှင့်ပတ်သက်သည့် စာချွန်လွှာများကို လက်မှတ်ရေးထိုးလဲလှယ်ခဲ့ပါသည်။ အဆိုပါစာချွန်လွှာများလက်မှတ်ရေးထိုးပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးသောင်းထွန်း လည်းတက်ရောက်ခဲ့ပါသည်။

【အထောက်အပံ့စီမံကိန်းများ၏ အကျဉ်းချုပ်】

၁) လေယာဉ်စောင့်ကြည့်ရေးစနစ်အဆင့်မြှင့်တင်ရေးစီမံကိန်း (ဂျပန်ယန်း ၂၈၂၈ သန်းအထိ)
(Project for the Improvement of Aircraft Surveillance System)

ဤစီမံကိန်းသည် ရန်ကုန်လေဆိပ်၊ မန္တလေးလေဆိပ်နှင့် နေပြည်တော်လေဆိပ်တို့ရှိ လေကြောင်းထိန်းရေဒါကို အဆင့်မြှင့်တင်မည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ လေယာဉ်ပျံသန်းမှုဘေးကင်းလုံခြုံရေးကို အဆင့်မြှင့်တင်နိုင်ရန် ရည်ရွယ်ပါသည်။

၂) ကျေးလက်ဒေသများအတွက် လယ်ယာလုပ်ငန်းသုံးစက်ပစ္စည်းများနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးစက်ပစ္စည်းများ ထောက်ပံ့ပေးအပ်ရေးစီမံကိန်း (ဂျပန်ယန်း ၄၄၄သန်းအထိ)
(Project for the Provision of Agricultural Machinery and Construction Equipment in Rural Areas)

ဤစီမံကိန်းသည် ချင်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့ရှိ ကျေးရွာများ၏ အခြေခံအဆောက်အအုံမြှင့်တင်ရာတွင် အထောက်အကူဖြစ်စေမည့် စက်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ပြီး လယ်ယာစိုက်ပျိုးရေးထုတ်လုပ်မှုနှုန်းနှင့် ကျေးလက်ဒေသနေပြည်သူများ၏ လူနေမှုအဆင့်အတန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်ပါသည်။